


# ဘောက်ဆူးရ အလုပ်သမားများအတွက် အနိမ့်ဆုံး လုပ်အားခ

1/1/24 မှ 31/12/24 အထိ

ဇန်နဝါရီ 1 ရက်၊ 2024 မှ ဒီဇင်ဘာ 31 ရက်၊ 2024 အထိ အလုပ်ရှင်များက ဘောက်ဆူးရ အလုပ်သမားများအား ပေးရမည့် အနိမ့်ဆုံး တစ်နာရီလုပ်အားခနှုန်းထားများကို အောက်တွင်ပြထားသည်။

| ဧည့်ဝတ်ပြုခြင်းလုပ်ငန်း | | | |
|---|---|---|---|
| | နယူးယောက်မြို့တော် | Long Island နှင့် Westchester ကောင်တီ | နယူးယောက်ပြည်နယ်၏ |
| **ဝန်ဆောင်မှုပေးသည့် အလုပ်သမားများ** | ငွေသားလုပ်အားခ $13.35<br>ဘောက်ဆူးခရက်ဒစ် $2.65 | ငွေသားလုပ်အားခ $13.35<br>ဘောက်ဆူးခရက်ဒစ် $2.65 | ငွေသားလုပ်အားခ $12.50<br>ဘောက်ဆူးခရက်ဒစ် $2.50 |
| **အစားအသောက် ဝန်ဆောင်မှု အလုပ်သမားများ** | ငွေသားလုပ်အားခ $10.65<br>ဘောက်ဆူးခရက်ဒစ် $5.35 | ငွေသားလုပ်အားခ $10.65<br>ဘောက်ဆူးခရက်ဒစ် $5.35 | ငွေသားလုပ်အားခ $10<br>ဘောက်ဆူးခရက်ဒစ် $5 |

*ဤလုပ်ငန်းများနှင့် အခြားလုပ်ငန်းများရှိ အနိမ့်ဆုံး လုပ်အားခ စံနှုန်းများအကြောင်း ပိုမိုသိရှိရန်- https://dol.ny.gov/minimum-wage-0

## အနိမ့်ဆုံးလုပ်အားခကို ဖြည့်ဆည်းပေးရန် ငွေသား လုပ်အားခများနှင့် ဘောက်ဆူးခရက်ဒစ်များကို ပေါင်းစပ်ခြင်း

နယူးယောက်ပြည်နယ် ဥပဒေသည် အလုပ်ရှင်မှပေးချေသော "ငွေသားလုပ်အားခ" ကို အလုပ်သမားက ဖောက်သည်များထံမှ လက်ခံရရှိသည့် ဘောက်ဆူးများအတွက် ခရစ်ဒစ် သို့မဟုတ် ထောက်ပံ့ကြေးနှင့် ပေါင်းစပ်ခြင်းဖြင့် အနိမ့်ဆုံးလုပ်အားခကို ဖြည့်ဆည်းပေးရန် အဆောက်အအုံဝန်ဆောင်မှုမှလွဲ၍ အခြား လုပ်ငန်းအားလုံးရှိ အလုပ်ရှင်များအား ခွင့်ပြုထားပါသည်။ ဥပမာ အားဖြင့် နယူးယောက်မြို့တော်ရှိ အစားအသောက် ဝန်ဆောင်မှု အလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်အားခသည် တစ်နာရီလျှင် $16.00 ဖြစ်သည်။ ၎င်းတို့၏ အလုပ်ရှင်များသည် ငွေသားလုပ်အားခ အနည်းဆုံး $10.65 ကို တစ်နာရီလျှင် $5.35 ထက်မပိုသော ဘောက်ဆူးထောက်ပံ့ကြေးနှင့် ပေါင်းစပ်၍ အနိမ့်ဆုံးလုပ်အားခကို ဖြည့်ဆည်းပေးနိုင်သည်။

## ဧည့်ဝတ်ပြုခြင်းလုပ်ငန်းရှိ ဘောက်ဆူးခရက်ဒစ်များ အပေါ် ကန့်သတ်ချက်များ

ဧည့်ဝတ်ပြုခြင်းလုပ်ငန်းရှိ အလုပ်ရှင်များသည် အောက်ပါတို့အတွက် ဘောက်ဆူးခရက်ဒစ်များ မရယူနိုင်ပါ-

- ဘောက်ဆူးရ အလုပ်သမားများသည် ဘောက်ဆူးမရသည့် အလုပ်ကို လုပ်ကိုင်ခြင်းဖြင့် နှစ်နာရီ သို့မဟုတ် အလုပ်ချိန်၏ နှစ်ဆယ်ရာခိုင်နှုန်းထက်ပို၍ ကုန်ဆုံးခဲ့သည့် ရက်များ
- ဝန်ဆောင်မှုပေးသည့် အလုပ်သမားများသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် အောက်ဖော်ပြပါအောက်နည်းသည့် ဘောက်ဆူး များကို လက်ခံရရှိသည့် ရက်သတ္တပတ်များ-

## တစ်နာရီလျှင် ပျမ်းမျှ ဘောက်ဆူးပမာဏများ

| | နယူးယောက်မြို့တော် | Long Island နှင့် Westchester ကောင်တီ | နယူးယောက်ပြည်နယ်၏ ကျန်ဒေသများ |
|---|---|---|---|
| **အပန်းဖြေ ဟိုတယ်များတွင်** | $8.95 | $8.95 | $8.40 |
| **စားသောက်ဆိုင်များနှင့် တစ်နှစ်ပတ်လုံး ဖွင့်သည့် ဟိုတယ်များတွင်** | $3.45 | $3.45 | $3.20 |

## အခြားလုပ်ငန်းများရှိ ဘောက်ဆူးခရက်ဒစ်များ အပေါ်ကန့်သတ်ချက်များ

အဆောက်အအုံ ဝန်ဆောင်မှု လုပ်ငန်းတွင် ဘောက်ဆူးခရက်ဒစ်ကို မရရှိနိုင်ပါ။

အပတ်စဉ် ပျမ်းမျှဘောက်ဆူးပမာဏသည် အလုပ်ရှင်၏ တည်နေရာနှင့် အရွယ်အစားအတွက် သတ်မှတ်ထားသော အနိမ့်ဆုံး ပမာဏအောက် နည်းနေသည့်အခါ ဘောက်ဆူး ခရက်ဒစ်ကို မရရှိနိုင်ပါ။

**မှတ်သားရန်မှာ- 2020 ခုနှစ်၊ ဒီဇင်ဘာလ 31 ရက်နေ့မှစ၍ အထွေထွေ လုပ်ငန်းများ (ညှော်ဝတ်ပြုခြင်း၊ စိုက်ပျိုးမွေးမြူရေးခြံ အလုပ်သမားများနှင့် အဆောက်အအုံ ဝန်ဆောင်မှုမှလွဲ၍ ကျန် လုပ်ငန်းအားလုံး) တွင် ဘောက်ဆူးထောက်ပံ့ကြေးများကို ခွင့်ပြု မထားပါ။ အလုပ်သမားတစ်ဦး ရရှိသည့် ဘောက်ဆူး၏ တစ်စိတ်တစ်ပိုင်းကို အလုပ်ရှင်များအနေဖြင့် သိမ်းဆည်းခွင့် သို့မဟုတ် ထိန်းသိမ်းခွင့်မရှိပါ။**

### အချိန်ပို

ဘောက်ဆူးရ အလုပ်သမားများအတွက် အလုပ်ရှင်များသည် တစ်ဆခွဲပိုများသော အနိမ့်ဆုံးလုပ်အားခ နှုန်းထားထဲမှ သက်ဆိုင်ရာ ဘောက်ဆူးခရက်ဒစ်ကို လျှော့၍ လုပ်ဆောင်ခဲ့သော အချိန်ပို အလုပ်ချိန်များအတွက် ငွေပေးချေရပါမည်။

### အချက်အလက်များကို ပိုမိုသိရှိရန်

နောက်ထပ် အကူအညီ လိုအပ်ပါက သို့မဟုတ် တိုင်ကြားချက် တင်သွင်းလိုပါက **1-888-4NYSDOL (1-888-469-7365)** ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် **www.labor.ny.gov/minimumwage** သို့ သွားရောက်ကြည့်ရှုပါ။

နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာနသည် တန်းတူညီမျှ အခွင့်အရေးပေးသည့် အလုပ်ရှင်/ပရိုဂရမ်တစ်ခု ဖြစ်သည်။
မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို TTY/TDD 711 သို့မဟုတ် 1-800-662-1220 (အင်္ဂလိပ်ဘာသာစကား) / 1-877-662-4886 သို့ ဆက်သွယ်တောင်းဆိုပြီး အခမဲ့ရယူနိုင်ပါသည်။

P717BR (11/23)